၄။ သဒ္ဒါရှင်းလင်းချက်

၁. ယဉ်ကျေးသောပုံစံနှင့်ရိုးရိုးပုံစံ

ဂျပန်ဘာသာ၏ဝါကျပုံစံ၌ ယဉ်ကျေးသောပုံစံနှင့်ရိုးရိုးပုံစံဟူ၍ ၂မျိုးရှိသည်။

ယဉ်ကျေးသောပုံစံ	ရိုးရိုးပုံစံ
あした 東京(とうきょう)へ 行(い)きます。 မနက်ဖြန် တိုကျိုကို သွားပါမယ်။	あした 東京(とうきょう)へ 行(い)く。 မနက်ဖြန် တိုကျို သွားမယ်။
毎日(まいにち) 忙(いそが)しいです。 နေ့တိုင်း အလုပ်များပါတယ်။	毎日(まいにち) 忙(いそが)しい。 နေ့တိုင်း အလုပ်များတယ်။
相撲(すもう)が 好(す)きです。 ဆူမိုကို ကြိုက်ပါတယ်။	相撲(すもう)が 好(す)きだ。 ဆူမို ကြိုက်တယ်။
富士山(ふじさん)に 登(のぼ)りたいです。 ဖူဂျီတောင်ကို တက်ချင်ပါတယ်။	富士山(ふじさん)に 登(のぼ)りたい。 ဖူဂျီတောင် တက်ချင်တယ်။
ドイツへ 行(い)った ことが ありません。 ဂျာမနီကို မသွားဖူးပါဘူး။	ドイツへ 行(い)った ことが ない。 ဂျာမနီ မသွားဖူးဘူး။

ယဉ်ကျေးသောပုံစံဝါကျ၌အသုံးပြုသော です သို့မဟုတ် ます တွဲသောပုံသဏ္ဌာန်ကိုယဉ်ကျေးသောပုံစံဟုခေါ်၍ ရိုးရိုးပုံစံဝါကျ၌အသုံးပြုသောပုံသဏ္ဌာန်ကိုရိုးရိုးပုံစံဟုခေါ်သည်။
(ပင်မဖတ်စာအုပ်၏သင်ခန်းစာ-၂၀မှ 練習 A-1ကို မှီငြမ်းရန်)

၂. ယဉ်ကျေးသောပုံစံနှင့် ရိုးရိုးပုံစံ၏ အသုံးကွဲပြားပုံ

၁) စကားပြော

ပထမဆုံးအကြိမ်တွေ့ဆုံဖူးသောသူသို့မဟုတ်အထက်လူ၊တစ်ဖန်သက်တူရွယ်တူဖြစ်သော်လည်း မရင်းနှီးသောသူများတွင်ယဉ်ကျေးသောပုံစံကိုအသုံးပြုသည်။ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေသူငယ်ချင်းများ၊အပေါင်းအပါများနှင့်မိသားစုတို့တွင်မူရိုးရိုးပုံစံကိုအသုံးပြုသည်။ရိုးရိုးပုံစံဖြင့်မပြောသင့်သည့်တစ်ဖက်လူကိုမှားယွင်း၍ရိုးရိုးပုံစံဖြင့်အသုံးပြုမိပါကရိုင်းစိုင်းရာရောက်သည်။ထို့ကြောင့်တစ်ဖက်လူသည်ရိုးရိုးပုံစံဖြင့်အသုံးပြု၍ရနိုင်မည့်သူဟုတ်မဟုတ်ကိုသတိပြုရန်လိုအပ်သည်။

၂) အရေး

သာမန်အားဖြင့်ပေးစာများကိုယဉ်ကျေးသောပုံစံဖြင့်အရေးများသည်။စာတမ်း၊အစီရင်ခံစာ (/ရီပို့)၊ နေ့စဉ်မှတ်တမ်းစသည်တို့တွင်ရိုးရိုးပုံစံကိုအသုံးပြုသည်။

၃. ရိုးရိုးပုံစံစကားပြော

၁) ရိုးရိုးပုံစံအမေးဝါကျကိုသာမန်အားဖြင့်ဝါကျအဆုံးတွင်ဝိဘတ် か မပါဘဲ၊ のむ(↗)のんだ (↗) ကဲ့သို့သောပုံသဏ္ဌာန်ဖြင့် အတက်အင်တိုနေးရှင်းဖြင့်အသံထွက်သည်။

① コーヒーを 飲(の)む？(↗) ကော်ဖီ သောက်မလား။
……うん、飲(の)む。(↘) .....အင်း၊ သောက်မယ်။

၂) နာမ်နှင့် な-Adj၏အမေးဝါကျတွင် です ၏ရိုးရိုးပုံစံဖြစ်သော だ ကိုချန်လှပ်ထားရသည်။ အငြင်းမဟုတ်ဝါကျ(/အဟုတ်ဝါကျ)၏အဖြေတွင်だဖြင့်ပြတ်ပြတ်သားသားအဆုံးသတ်ပါက စကားပြောတင်းမာသည်ဟုခံစားရစေသဖြင့် だ ကိုချန်လှပ်ခြင်းသို့မဟုတ်ဝါကျနောက်ဆက်ပစ္စည်းဖြင့်တွဲဆက်ခြင်းများပြုလုပ်၍လေသံကိုပျော့ပြောင်းသောအသွင်သို့ဆောင်စေသည်။

② 今晩(こんばん) 暇(ひま)？ ဒီည အားလား။
……うん、暇(ひま)／暇(ひま)だ／暇(ひま)だよ。 .....အင်း၊ အားတယ်/အားတယ်/အားတယ်။ (ယောကျ်ားလေးအသုံး)
……うん、暇(ひま)／暇(ひま)よ／暇(ひま)だよ。 .....အင်း၊ အားတယ်/အားတယ်/အားတယ်။ (မိန်းကလေးအသုံး)
……ううん、暇(ひま)じゃ ない。 .....ဟင့်အင်း၊ မအားဘူး။

၃) ရိုးရိုးပုံစံဝါကျ၌အရှေ့အနောက်ဆက်စပ်မှုအရအဓိပ္ပာယ်ကိုနားလည်စေနိုင်ပါက၊ဝိဘတ်ကိုများသောအားဖြင့်ချန်လှပ်ခဲ့လေ့ရှိသည်။

③ ごはん[を] 食(た)べる？ ထမင်း [ကို] စားမလား။
④ あした 京都(きょうと)[へ] 行(い)かない？ မနက်ဖြန် ကျိုတို [ကို] သွားမလား။
⑤ この りんご[は] おいしいね。 ဒီ ပန်းသီး [က] စားလို့ကောင်းတယ်နော်။
⑥ そこに はさみ[が] ある？ အဲဒီမှာ ကတ်ကြေး [က] ရှိလား။

သို့သော် で၊ に၊ から၊ まで၊ と စသည်တို့မှာဝါကျ၏အဓိပ္ပာယ်မပြတ်သားမှုကိုဖြစ်ပေါ်စေသောကြောင့်ချန်လှပ်ထား၍မရပါ။

၄) ရိုးရိုးပုံစံဝါကျရှိV て -ပုံစံ いる မှ い သည်လည်းများသောအားဖြင့်ပြုတ်ကျန်တတ်လေ့ရှိသည်။

⑦ 辞書(じしょ)、持(も)って [い]る？ အဘိဓာန် ပါ[လာ]လား။ (/အဘိဓာန်ရှိသလား။)
……うん、持(も)って [い]る。 .....အင်း၊ ပါ[လာ]တယ်။ (/...အင်း၊ ရှိတယ်။)
……ううん、持(も)って [い]ない。 .....ဟင့်အင်း၊ မပါ[လာ]ဘူး။ (/...ဟင့်အင်း၊ မရှိဘူး။)

၅) けど

けど သည် が နှင့်လုပ်ဆောင်မှုပုံသဏ္ဌာန်တူ၍စကားပြောတွင်အထူးအသုံးပြုလေ့ရှိသည်။

⑧ その カレー[は] おいしい？ အဲဒီ ကာရီ[က] စားလို့ကောင်းလား။
……うん、辛(から)いけど、おいしい。 .....အင်း၊ စပ်ပေမဲ့ စားလို့ကောင်းတယ်။
⑨ 相撲(すもう)の チケット[が] あるけど、いっしょに 行(い)かない？
ဆူမို လက်မှတ် ရှိတယ်၊ အတူ သွားကြမလား။
……いいね。 .....ကောင်းသားပဲ။